# အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားတို့၏ အသံ ပြည်သူ့ဆန္ဒခံယူပွဲ

ဩစတြေးလျနိုင်ငံသားများသည် နိုင်ငံများစွာမှ လာရောက်ကြပြီး ယုံကြည်မှုများစွာ ကျင့်သုံးကြသကဲ့သို့ ဘာသာစကားများစွာ ပြောဆိုကြပါသည်။ အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားတိုင်းရင်းသားများသည် ဩစတြေးလျ၏ ပထမဆုံးလူမျိုးများဖြစ်ပြီး ဤနိုင်ငံတွင် နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း 65,000 ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် ဩစတြေးလျနိုင်ငံ၏ အခြေခံဥပဒေသည် ၎င်းတို့၏ တစ်မူထူးခြားမှုကို အသိအမှတ်ပြုခြင်းမရှိပါ။ ထို့ကြောင့် ယခုနှစ်နှောင်းပိုင်းတွင် ကျွန်ုပ်တို့သည် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ ကျွန်ုပ်တို့၏ အခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်ရန် စဉ်းစားနိုင်မည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံသားအားလုံးသည် အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအပေါ် သက်ရောက်မှုရှိသော အကြောင်းအရာများကို ကြားသိစေနိုင်သည့် အသံမှတစ်ဆင့် ၎င်းတို့အား ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံအခြေခံမှာ အသိအမှတ်ပြုရန် အခွင့်အရေးတစ်ခု ရရှိမည်ဖြစ်သည်။

## နှလုံးသားထဲမှ အူလူရူထုတ်ပြန်ချက် (Uluru Statement from the Heart) ဆိုသည်မှာ အဘယ်နည်း။

2017 ခုနှစ် မေလတွင် အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသား 250 ကျော်တို့သည် နှလုံးသားထဲမှ အူလူရူထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ ဩစတြေးလျနိုင်ငံသားအားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခု ဖန်တီးရန်နှင့် ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများ၏ အသံကို ထည့်သွင်းရန် ၎င်းက တောင်းဆိုထားသည်။

## အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများ၏ အသံ ဆိုသည်မှာ အဘယ်နည်း။

အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများ၏ အသံဆိုသည်မှာ အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအပေါ် သက်ရောက်မှုရှိသော ဥပဒေများ၊ မူဝါဒများနှင့်ပတ်သက်၍ အစိုးရကို အကြံပေးရန် အဘော်ရီဂျီနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအတွက် နည်းလမ်းတစ်ခုဖြစ်သည်။

## ပြည်သူ့ဆန္ဒခံယူပွဲဆိုသည်မှာ အဘယ်နည်း။

ပြည်သူ့ဆန္ဒခံယူပွဲဆိုသည်မှာ မဲဆန္ဒရှင်များအား မေးခွန်းတစ်ခု သို့မဟုတ် မေးခွန်းများအပေါ် ထောက်ခံသည် သို့မဟုတ် မထောက်ခံပါဟု ဖြေဆိုင်းခြင်းဖြစ်သည်။ ပြည်သူ့ဆန္ဒခံယူပွဲကသာလျှင် ဩစတြေးလျနိုင်ငံ၏ အခြေခံဥပဒေကို ပြောင်းလဲပြင်ဆင်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

## ပြည်သူ့ဆန္ဒခံယူပွဲတွင် မည်သူများ မဲဆန္ဒပေးနိုင်သနည်း။

မဲပေးရန် စာရင်းပေးထားသူများသာ ပြည်သူ့ဆန္ဒခံယူပွဲတွင် ပါဝင်နိုင်မည်ဖြစ်သည်။ စာရင်းသွင်းထားသော မဲဆန္ဒရှင်များသည် ပြည်သူ့ဆန္ဒခံယူပွဲများတွင် မဖြစ်မနေမဲပေးရမည်ဖြစ်သည်။

## ပြည်သူ့ဆန္ဒခံယူပွဲတွင် ကျွန်ုပ် မည်သို့မဲပေးရမည်နည်း။

ပြည်သူ့ဆန္ဒခံယူပွဲများသည် ရွေးကောက်ပွဲများကဲ့သို့ ဖြစ်သည်။ မဲဆန္ဒကောက်ယူသည့်နေ့တွင် သင်သည် မဲပေးသည့်နေရာသို့ သွား၍ လျှို့ဝှက်မဲစာရွက်ပေါ်တွင် မဲပေးနိုင်မည်ဖြစ်သည်။



ခွင့်ပြုသည်- Tabatha Feher, Life Without Barriers, L6, 107 Pitt St, Sydney, NSW.

## ပြည်သူ့ဆန္ဒခံယူပွဲကို မည်သို့ဆုံးဖြတ်မည်နည်း။

ပြည်သူ့ဆန္ဒခံယူပွဲတစ်ခု အောင်မြင်စေရန်အတွက် နှစ်ထပ်ကွမ်း အများစုမဲကို လိုအပ်ပါမည်။ ဆိုလိုသည်မှာ အနည်းဆုံး ပြည်နယ် လေးခုနှင့် သြစတြေးလျတစ်နိုင်ငံလုံးရှိ အများစု၏ ဆန္ဒမဲများဖြစ်သည်။

## အဘော်ရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအသံ ပြည်သူ့ဆန္ဒခံယူပွဲကို မည်သည့်အချိန်တွင် ကျင်းပမည်နည်း။

အဘော်ရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအသံ ပြည်သူ့ဆန္ဒခံယူပွဲကို ယခုနှစ် နှောင်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

## အဘော်ရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများအသံ ပြည်သူ့ဆန္ဒခံယူပွဲက မည်သည့်မေးခွန်းကို မေးမြန်းမည်နည်း။

"အဆိုပြုထားသည့် ဥပဒေ- အဘော်ရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသား အသံကို ထုတ်ဖော်ခြင်းဖြင့် သြစတြေးလျနိုင်ငံ၏ ဌာနေပြည်သူများကို အသိအမှတ်ပြုရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲရန်ဖြစ်သည်။ သင်သည် ဤအဆိုပြုထားသော ပြောင်းလဲမှုကို ထောက်ခံပါသလား။"

## ဤအချက်အလက်စာရွက်ကို မည်သူဖန်တီးခဲ့ပါသနည်း။

ဤအချက်အလက်စာရွက်ကို Life Without Barriers, Reconciliation Australia, SNAICC – National Voice for our children, Yes Alliance နှင့် Polaron Language Services တို့ ပူးပေါင်းဖန်တီးထားပါသည် အဘော်ရိဂျိနယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများ၏ အသံနှင့်ပတ်သက်သည့် အချက်အလက်များ အလွယ်တကူ ရရှိနိုင်စေရန် ဤသို့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**နောက်ထပ်အချက်အလက်များ**

www.lwb.org.au



ခွင့်ပြုသည်- Tabatha Feher, Life Without Barriers, L6, 107 Pitt St, Sydney, NSW.